
m စိတ်ကူးချိုချိုအနုပညာ

# စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ

ခင်မောင်ညို (ဘောဂဗေဒ) နှင့် မအိမ်သူ

mgyoe.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက
'မျက်စိနှင့်နား၊ အမြဲတံခါးဖွင့်ထားပါ'လို့
မိန့်တော်မူပါတယ်။
အကြားအမြင်ဗဟုသုတ ဘယ်လောက်များရ မလဲ။
၁။ တိုင်းပြည်အကြောင်း ကောင်းကောင်း သိနေစေရမည်။
၂။ စီးပွားရေးအကြောင်း ကောင်းကောင်း ရိပ်မိနေစေရမည်။
၃။ လူမှုရေးအကြောင်း ကောင်းကောင်း နားလည်နေစေရမည်။
အဲဒီလို ဆိုထားတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကုန်ပါရောလား။
ဒီ ၃ ချက်ကို ကျွမ်းကျင်နေရင်
ဘယ်နေရာနေနေ၊ ဘယ်ပြည်ရောက်ရောက် လူတော်ပဲ။
အဲဒီ သုံးခုစလုံးဟာ အမြဲတမ်းသက်ဝင်လှုပ်ရှားနေတတ်တယ်။

mgyoe.com

mgyoe.com

ဗုဒ္ဓဘာသာ အယူအဆများပေါ် အခြေခံ၍
စီးပွားရေးပြဿနာများကိုဖြေရှင်းနိုင်မည့် နည်းလမ်းများကို
ကျယ်ပြန့်စွာ သုံးသပ်ရှာဖွေကြည့်ထားသည့်
စဉ်းစားတွေးခေါ်မြော်မြင်ရေးစာအုပ်။

စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၇၉/၂၀၀၃(၇) နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၅၁၅၀၅၀၈ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.s.o ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၅ ခု၊ နိုဝင်ဘာလတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


၁။ မင်္ဂလာရှိသောနေ့ရက်များ ၇

၂။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၁) ၁၅

၃။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၂) ၂၅

၄။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၃) ၃၁

၅။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၄) ၃၇

၆။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၅) ၄၅

၇။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၆) ၅၃

၈။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၇) ၆၅

၉။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၈) ၇၇

၁၀။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၉) ၈၉

၁၁။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၁၀) ၉၉

၁၂။ စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၁၁) ၁၀၇

၁၃။ ယောဆရာတော်၏ ဓမ္မဘောဂဗေဒ (၁) ၁၁၅

၁၄။ ယောဆရာတော်၏ ဓမ္မဘောဂဗေဒ (၂) ၁၂၅


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## မင်္ဂလာရှိသော နေ့ရက်များ

မင်္ဂလာရှိသော နေ့ရက်များ သို့မဟုတ် မင်္ဂလာ ဓာရဏာကထာဆိုတဲ့ကျမ်းမှာ မဟာဗေဒိမြိုင်ဆရာတော်က "ဗာဟုသစ္စဥ္စ၊ သိပ္ပဥ္စ" မင်္ဂလာတွေကို အကြားအမြင် ဗဟုသုတများနှင့်လည်း ပြည့်စုံစေ၊ လက်မှုပညာလည်း တတ်ကျွမ်းနေစေလို့ အဓိပ္ပာယ်ဖွင့်ဆိုတော်မူထားပါတယ်။ ဆရာတော်ဘုရားကြီးက မျက်စိနှင့် နား၊ အမြဲတံခါးဖွင့် ထားပါ" လို့ မိန့်တော်မူပါတယ်။

အကြားအမြင် ဗဟုသုတ ဘယ်လောက်များရမလဲ?

၁။ တိုင်းပြည်အကြောင်း
ကောင်းကောင်းသိနေစေရမည်။

၂။ စီးပွားရေးအကြောင်း
ကောင်းကောင်း ရိပ်မိနေစေရမည်။

၃။ လူမှုရေးအကြောင်း
ကောင်းကောင်း နားလည်နေစေရမည်။

mgyoe.com

mgyoe.com

အဲဒီလိုဆိုထားတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကုန်ပါရောလား။ ဒီ ၃ ချက်ကို ကျွမ်းကျင်နေရင် ဘယ် နေရာနေနေ၊ ဘယ်ပြည်ရောက်ရောက် လူတော်ပဲ။ အဲဒီ သုံးခုစလုံးဟာ အမြဲတမ်း သက်ဝင်လှုပ်ရှားနေတတ်တယ်။

ရှေးကနိုင်ငံရေးကို "ကြက်ဥအရောင် တိမ်တောင် သဖွယ်" လို့ တင်စားခဲ့ကြတယ်။ စီးပွားရေးမှာ ဒီနေ့ ဒီပစ္စည်း အသုံးတွင်ကျယ်နေပေမယ့် နောက်ရက်မှာ သူ့ထက်သာတဲ့ပစ္စည်း ဝင်လာရင် နောက်ကောက်ကျတတ် တယ်။ ကျီးအစာစားသလိုပဲ ကိုယ့်အလုပ် ကိုယ်လုပ် နေရာက ဘယ်သူတွေ ဘာလုပ်နေသလဲဆိုတာ အမြဲ အကဲခတ်နေရတယ်။ မဟုတ်ရင် "စီးပွားရေး လူအိုရုံ" ထဲ ရောက်သွားတတ်တယ်။ ကိုယ့်စီးပွားရေး အမြဲတမ်း နုပျိုလန်းဆန်းနေချင်ရင် အမြဲ မျက်စိနဲ့နားကို ဖွင့်ထား ဖို့လိုတယ်။ အရည်အသွေး ကောင်းသည်ထက်ကောင်း အောင် "သုတေသနပြုမှု" လိုတယ်။ စာသုံးသူကို မလိမ် ချင်ရဘူး။

လူမှုရေးမှာလဲပဲ လူကိုလူလို ဆက်ဆံရမယ်။ စာပေ ကရတဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေကို ဝိဇ္ဇာပညာ ရပ်လို့ဆိုရင် သူနဲ့ယှဉ်တွဲပြီး လက်တွေ့အသုံးချစရာတွေကို သိပ္ပံပညာ ဒါမှမဟုတ် လက်မှုပညာလို့ဆိုနိုင်တယ်။ ဒီ နေရာမှာလည်း မင်္ဂလသုတ်ကို ဆရာတော်ဘုရားကြီးက သေးသေးကြီးကြီး အပြစ်ကင်းမယ့်အလုပ်မျိုးဆို လက် မြောက်နေပါစေ၊ ကိုယ်ကျင့်မပျက်မယ့် အလုပ်မျိုးဆို



mgyoe.com

mgyoe.com

မရှက်မကြောက်ပါလေနှင့်။ တတ်ပြီးလက်မှုပညာကို မလေးမစား မကိုင်တွယ်ပါလေနှင့်။ အဲဒီသုံးချက်ကို လိုက်နာနိုင်ရင် လောကနိဗ္ဗာန်ဆိုတာ ပြေးမလွတ်တော့ဘူးလို့ မိန့်မှာတော်မူပါတယ်။

တလောက စာရေးဆရာ ရောဘတ်တီကီယိုဆာကိုရဲ့ စာအုပ်တွေ ဖတ်မိတယ်။ သူ့အရေးအသားတွေထဲမှာ မခံချင်စရာတွေ ရှိနေပေမယ့် အမှန်တွေများတယ်။ ဥပမာ သူက ကျွန်တော်တို့လို ဟိုစပ်စပ် ဒီစပ်စပ်သမားတွေအတွက် အရေးအကြီးဆုံးက အလွတ်ရအောင်ကျက်ဖို့နဲ့ အမျိုးစုံအောင်ကျက်ဖို့ပဲတဲ့၊ မခံချင်စရာပါ။ ဒါပေမယ့် အမှန်တွေပါနေတယ်။ စာမေးပွဲဆိုတာ ဘွဲ့တွေ၊ လက်မှတ်တွေ၊ ဒီဂရီတွေဆိုတာဟာလဲ အများအားဖြင့် သင်ထားတာကို ဘယ်လောက်မှတ်မိသလဲလို့ ပြန်မေးတာတွေ များတယ်။ ဒါတောင် သိပ်ပြီး မှတ်ချင်ကျက်ချင်ကြတာ မဟုတ်ဘူး။ တကယ်တမ်း လောကကိုရင်ဆိုင်၊ ဘဝနဲ့ ထိတွေ့တဲ့အခါမှာ အလွတ်ကျက်ထားတာတွေနဲ့ မလုံလောက်ပါဘူး။

ဗီယက်နမ်စစ်ပွဲ သွားတိုက်မယ့် တိုက်လေယာဉ်မှူးတစ်ယောက်ကို ပထမဆုံးက လေကြောင်းသင်ကျောင်းမှာ လေ့ကျင့်ပေးတယ်။ သင်တန်းဆင်းလက်မှတ် ရလာတော့ မြောက်ကြွမြောက်ကြွနဲ့ပေါ့။ လက်တွေ့တာဝန်ပေးပေးချင်း သက်ဆိုင်ရာတာဝန်ရှိသူက အရေးပေါ်အခြေအနေနဲ့ကြုံရင် ဘာလုပ်ရမယ်ဆိုတာ သိလားလို့မေးတော့ မေးရကောင်းလားဆိုပြီး စိတ်တွေဆိုးလို့ ချရေးစမ်းဆိုတော့လည်း


mgyoe.com

mgyoe.com

တစ်ခုမကျန် ပြန်ဖြေနိုင်တယ်။

ဒါနဲ့ လက်တွေ့စမ်းကြည့်ရအောင်ဆိုပြီး လေယာဉ်ပျံမောင်းကြည့်တယ်။ ဒါလေးများပေါ့လေ။ နောက်အဲဒီစမ်းသပ်တဲ့ အရာရှိက စက်ရပ်ပစ်လိုက်တယ်။ ဘယ်ပြောကောင်းမလဲ လေယာဉ်က ဦးစိုက်ပြီး ဆင်းနေတော့တာပေါ့။ စမ်းသပ်တဲ့အရာရှိက အေးအေးဆေးပါပဲ။ အစမ်းသပ်ခံရတဲ့ ပုဂ္ဂိုလ်က ဘယ်ကစလုပ်ရမှန်းတောင် မသိပါဘူး။ နောက်ဆုံးမှာ စမ်းသပ်တဲ့အရာရှိကပဲ လေယာဉ်ကို အချိန်မီ ပြန်ထိန်းလိုက်ရတယ်။ စောစောက အလွတ်ရထားတဲ့စာတွ ဘယ်ရောက်ကုန်ပြီလဲ။

ဒီတော့ စမ်းသပ်တဲ့အရာရှိက စကားတစ်ခွန်းပြောပြတယ်။ ဒီစကားကို ပိုင်းလော့တစ်ယောက်အတွက် ပြောပေမယ့် ကျန်တဲ့ ကျွန်တော်တို့တစ်တွေနဲ့လဲ ပတ်သက်နေတယ်။

*"သူများ သတ်လို့သေမှာ မဟုတ်ဘူး။ ကိုယ်ညံ့တာ၊ ကိုယ့်အရည်အချင်း မပြည့်တာတွေကြောင့် သေမှာတဲ့"* ကျွန်တော်တို့တစ်တွေဟာ မင်္ဂလာရှိတဲ့ နေ့ရက်များကို လိုချင်ရင် မပြည့်တာတွေ၊ အားနည်းချက်တွေကို ပြုပြင်ဖို့ ကိုယ်မသိသေးတာ မတတ်သေးတာတွေကို လေ့လာဆည်းပူးဖို့ အများကြီးလိုပါဦးမယ်။

ဘယ်သူဖြစ်ဖြစ် အလွတ်ကျက်နိုင်၊ ပြန်ဆိုနိုင်ကြတာချည်းပဲ။ ဒါပေမယ့် တကယ့်တကယ် အရေးရယ် အကြောင်းရယ်ဆိုရင် ပြန်စဉ်းစားနေရသေး၊ ဘယ်ကစလို့ စရမှန်းမသိ


mgyoe.com

mgyoe.com

ဖြစ်နေသေးရင်တော့ တကယ်မသိသေး မတတ်သေးတာ အမှန်ပါ။ အလွတ်ရတာဟာ တကယ်သိတာမဟုတ်ဘူး။ အရေးပေါ် အခြေအနေတွေကို သာမာန်အခြေအနေလို သဘောထား လေ့ကျင့်ပေးနိုင်မှ အကြောက်တရားရဲ့နေရာမှာ အရည်အချင်းတွေ၊ အရည်အသွေးတွေဝင်လာမှ အတ္တကြီးမားမှု၊ မာနကြီးမားမှုနဲ့နေရာမှာ စိတ်ချယုံကြည်မှုတွေ ဝင်လာမှ တကယ်တတ်၊ တကယ်သိလို့ ဆိုနိုင်တယ်။

တကယ်တော့ လောကီလူ့ဘောင်မှာ ရှင်သန်ရပ်တည်နိုင်ဖို့အတွက် အလွတ်ကျက် မှတ်မိတာထက် ပိုတဲ့အခြေခံစွမ်းရည်တွေ လိုအပ်ပါတယ်။ အနည်းဆုံး အဲဒီစွမ်းရည်တွေရအောင် ဘယ်လိုလေ့လာဆည်းပူးမလဲဆိုတာက စရပါမယ်။ ပြီးရင် ရေထဲမိုးထဲမှာ ချက်ချင်းတုန့်ပြန် ဆောင်ရွက်နိုင်တဲ့အထိ လေ့လာရ၊ ဆည်းပူးရ၊ လေ့ကျင့်ထားရပါမယ်။

အခုလိုပြောလို့ လေ့လာဆည်းပူးရာမှာ အလွတ်မကျက်ရဘူး။ မှတ်သားမထားရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ အချက်အလက်တွေကို ဦးနှောက်ထဲမှာ မှတ်သားထားတာဟာ ကွန်ပျူတာတစ်လုံးထဲ အချက်အလက်တွေ ထည့်ထားတာနဲ့တူပါတယ်။ ဒီကတစ်ဆင့် အာရုံငါးပါး အပါအဝင် လက်တွေ့အတွေ့အကြုံတွေ မြင်တာနဲ့သိ၊ ကြားတာနဲ့ လုပ်တတ်တာမျိုးတွေ၊ အာရုံကြောတွေရဲ့ နိုးကြားတက်ကြွမှုတွေလိုအပ်ပါတယ်။ ပြီးတော့ ခံစားရမှုတွေ၊ မသိစိတ်တွေရဲ့ ဆည်းပူးလေ့လာမှုတွေလဲ ရရှိပါမယ်။ ပျော်စရာ၊ ကြောက်စရာ၊ ချစ်ခင်စရာ၊ ကြင်နာသနားစရာ၊ ဝမ်းမြောက်

mgyoe.com

mgyoe.com

စရာတွေကို ဘယ်လိုရင်ဆိုင်မလဲ ဆိုတာဟာလဲ လေ့လာဆည်းပူးအပ်ပါတယ်။ တစ်ခုတည်းရွေးပြီး လေ့လာဆည်းပူးတာမျိုးဟာ အဓိပ္ပာယ်မပြည့်စုံပါဘူး။

လေ့လာဆည်းပူးရမှာ ဘယ်လိုလေ့လာဆည်းပူးရမယ်ဆိုတာ အရေးအကြီးဆုံးပါ။ တကယ်တော့ ဘဝဆိုတဲ့ကျောင်းဟာ စာသင်ကျောင်းထက် ပညာတွေ အများကြီးပေးနေတာပါ။ ငယ်ငယ်က စက်ဘီးစီးသင်တဲ့အကြောင်းပြန်စဉ်းစားကြည့်မိတယ်။ စက်ဘီးစီး သင်ရတော့မယ်ဆိုတော့ ပျော်လိုက်၊ တက်ကြွလိုက်တဲ့ဖြစ်ခြင်းပေါ့။ ခုနေအခါ ဘာသာရပ်တစ်ခု၊ အကြောင်းအရာတစ်ခုကို လေ့လာတော့မယ်ဆိုရင် စက်ဘီးစီးသင်တုန်းကလောက် စိတ်အားထက်သန်မှုမျိုး ရှိသေးရဲ့လား စဉ်းစားစရာပါ။

ဝမ်းသာပေမယ့် စက်ဘီးစီးသင်တာ၊ ဘာတွေလုပ်ရကိုင်ရမယ်ဆိုတာ၊ ဘာတွေ ဆည်းပူးလေ့လာရမယ်ဆိုတာမသိပါဘူး။ စက်ဘီး စ,စီးကြည့်တယ်၊ လဲတယ်။ အဲဒီတော့မှ ကိုယ်မသိသေးတာတွေ ဘာတွေရှိနေသေးတယ်ဆိုတာ သိလာတယ်။ နောက်တော့ လဲလိုက်၊ ပြန်ထလိုက်၊ ပြန်စီးလိုက်၊ လဲလိုက် လုပ်ပါများလာတော့ မှားတာတွေပြင်လာနိုင်တယ်။ စက်ဘီးစီးတတ်လာတယ်၊ ဘယ်လိုလုပ်ရင်လဲတယ်။ ဖြောင့်ဖြောင့်စီးချင်ရင် ဘယ်လို၊ ကွေ့ချင်ရင်ဘယ်လိုဆိုတာ သိလာတယ်။ ဒါပေမယ့် ဒီအဆင့်ဟာတကယ်တတ်တာ မဟုတ်သေးဘူး။

ကိုယ်သိထား၊ တတ်ထားတာတွေကို အရေးရယ်

mgyoe.com

mgyoe.com

အကြောင်းရယ်မှာ ထုတ်သုံးနိုင်တယ်။ စက်ဘီးစီးဖို့အရေး ဘာမှစဉ်းစားနေစရာ မလိုတော့ဘူး။ ကုန်ကုန်ပြောရရင် တတ်လို့တတ်မှန်းတောင် မသိ၊ သတိမရတော့ဘဲ တက်စီးနိုင်တယ်။ ဘယ်အကြောင်းအရာဖြစ်ဖြစ် ဒီအဆင့်လေးဆင့်ကို ဖြတ်သန်းရတယ်။ ပညာအလိုက်၊ လူအလိုက် အချိန်ယူရတာ ကွာခြားမှုတော့ရှိတယ်။ ဒါပေမယ့် ယေဘူယျအားဖြင့် ဒီအတိုင်းပဲ။ "ဒူလည်းကွဲရော၊ စက်ဘီးစီးလဲတတ်ရော" ဆိုတဲ့စကားရှိတယ်။ အမှားတွေတွေ့ အမှားတွေပြင်ပြီးမှ တတ်ကျွမ်းနားလည်သူ ဖြစ်လာတာပါ။ မှားရမှာကြောက်သူ၊ စင်းလုံးချောဖြစ်ချင်သူတွေ၊ အမှားတွေကို မပြင်မဆင် တပွေ့တပိုက် တယုတယထားချင်သူတွေဟာ တတ်ကျွမ်းသူတွေ ဖြစ်မလာနိုင်ပါဘူး။

ဟုတ်ကဲ့ ပညာခေတ်ကြီးမှာ မသိတာမတတ်တာတွေ ဝန်ခံရင်း၊ မှားရဲရင်း၊ ပြင်ဆင်ရင်းနဲ့ မင်္ဂလာရှိသော နေ့ရက်များကို ဖြတ်သန်းကြရမှာဖြစ်ကြောင်းပါ။

*

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ

ဗုဒ္ဓဘာသာဟာ လောကီစည်းစိမ်တွေကို စွန့်ခွာပြီး တောထွက်၊ ရဟန်းပြု၊ လောကုတ္တရာတရားကို ကျင့်ကြံအားထုတ်ရတာမို့ နေ့စဉ်ဘဝနဲ့ဆိုင်တဲ့ လောကီကိစ္စတွေ အထူးသဖြင့် စီးပွားရေးလုပ်ဆောင်ချက်တွေနဲ့ မပတ်သက်သလို ရှိပါတယ်။ ဗုဒ္ဓဝါဒနဲ့ စီးပွားရေးလုပ်ငန်းဟာ ဆန့်ကျင်ဖက်ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ ဗုဒ္ဓဘာသာဝင်အတော်များများမှာ ရှိနေတာပါ။ တစ်ဖက်ကတွေးကြည့်ရင်အဲ ဒီအယူအဆရှိနေတဲ့အတွက်ကြောင့်ပဲ ဗုဒ္ဓဘာသာရဲ့ ကျင့်ဝတ်တရားတွေကို စီးပွားရေးလုပ်ရာမှာ လိုက်နာကျင့်သုံးမှာမဟုတ်ဘူးလို့ သိသာပါတယ်။

ဗုဒ္ဓဘာသာဟာ ရှေးနှစ်ပေါင်း ၂၅၀၀ က လူ့အဖွဲ့အစည်းထဲမှာ ပေါ်ပေါက်ခဲ့တဲ့ အယူဝါဒဖြစ်တဲ့အတွက် မျက်မှောက်ခေတ်ရဲ့ အင်မတန်မှ ရှုပ်ထွေး ခေတ်မီတဲ့ လူ့အဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်တွေ ပြဿနာတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ ယူဆကြပါတယ်။



mgyoe.com

mgyoe.com

ဒီခေတ်ရဲ့ ရှုပ်ထွေးလာတဲ့စနစ်တွေဟာ အသေးစိတ် ညွှန်ကြားမှုတွေကြောင့် ဖြစ်လာတဲ့အကြောင်းဆက်တွေပါ။ အသေးစိတ် ညွှန်ကြားမှုတွေက သိပ်ပြီး သတ်သတ်မှတ်မှတ်ရှိလွန်းတော့ အခြေအနေ၊ အချိန်အခါကိုလိုက်ပြီး အမြဲ ပြောင်းလဲနေရတာပဲ။ ဒါကြောင့် အရင်က ရိုးစင်းတဲ့ လူ့အဖွဲ့အစည်းနဲ့ စီးပွားရေးလောကဟာ အခြေအနေ အချိန်အခါတွေနဲ့ညီအောင် ပြောင်းလဲရင်း ရှုပ်ထွေးတိုးတက်ခေတ်မီတယ်ဆိုတဲ့ ဒီကနေ့မျက်မှောက်ခေတ်ကို ရောက်လာတာပါ။ ဒါပေမဲ့ အသေးစိတ်ညွှန်ကြားမှု အများစုရဲ့ အပြောင်းအလဲဟာ နည်းလမ်းတွေ၊ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေပဲ ပြောင်းလဲတာဖြစ်ပြီး အခြေခံနိယာမ အတွေးအခေါ်တွေ၊ အခြေခံစည်းမျဉ်းတွေကတော့ သိပ်မပြောင်းလဲတာကို တွေ့ရတယ်။ ဗုဒ္ဓရဲ့ဝါဒဟာ ရှေးခေတ်လူအဖွဲ့အစည်းက ပေါ်ပေါက်လာတာမို့ ဒီခေတ်ရဲ့ ရှုပ်ထွေးတဲ့ စီးပွားရေးပြဿနာတွေကို ရှင်းမပြနိုင်ဘူးလို့တော့ မဆိုနိုင်ဘူး။

ဥပမာ – ဒီနေ့ခေတ်ရဲ့ အဆောက်အဦတွေမှာရှိတဲ့ လုံခြုံရေးစနစ်ကိုကြည့်။ ရိုးရိုးခတ်လို့ရတဲ့ သော့ခလောက်တစ်ခုကနေ ခေတ်မီတိုးတက်လာလိုက်တာ၊ ကွန်ပျူတာနဲ့လုပ်ထားတဲ့ သော့ကတ်ပြားတွေနဲ့၊ အတွင်းအပြင် မေးမြန်းလို့ရတဲ့ စကားပြောစနစ်တွေနဲ့၊ လျှပ်စစ်နဲ့ ဖွင့်ပိတ်လို့ရတဲ့ တံခါးတွေနဲ့၊ ဗီဒီယိုကင်မယာတွေနဲ့၊ လေဆာရောင်ခြည် အပာန့်အတားတွေနဲ့၊ အလိုအလျောက် အချက်

mgyoe.com

mgyoe.com

ပေးစနစ်တွေနဲ့၊ ဒါတွေဟာ လုံခြုံအောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားတော့အတွက်ကြောင့် ဖြစ်လာတဲ့ (တိုးတက်လာတဲ့) အသေးစိတ်တွေရဲ့ အကျိုးဆက်တွေပေါ့။ တစ်ဖက်က လုံခြုံရေးကို ထိပါးမဲ့သူတွေရဲ့ ပြောင်းလဲမှုအပေါ်မူတည်ပြီး နည်းလမ်းတွေနဲ့ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ ပြောင်းလဲမှုတွေလေ။ တကယ်လို့များ သူတစ်ပါးရဲ့ပစ္စည်းကို ပိုင်ရှင်က မပေးဘဲ မယူရဘူးဆိုတဲ့ အဒိန္နာဒါနာ အခြေခံစည်းကမ်းလေးကို တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေက အခုထိ စွဲစွဲမြဲမြဲ လိုက်နာနေတုန်းဆိုရင် ဘာသော့ခလောက်ကိုမှ တီထွင်နေစရာမလိုတော့ဘူးပေါ့။ ကမ္ဘာကြီးမှာရှိနေတဲ့ သယံဇာတပစ္စည်းတွေ ဘယ်လောက်များများ သက်သာသွားလိုက်မလဲ မသိဘူးနော်။

ပြဿနာက လူတွေဟာ အသေးစိတ်တွေနောက်လိုက်နေပြီး အခြေခံစည်းမျဉ်းတွေကို စွဲစွဲမြဲမြဲ မကျင့်သုံးကြလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ အသေးစိတ်ညွှန်ကြားချက်က လိုက်နာရတာလွယ်ပြီး အခြေခံစည်းမျဉ်းတွေက အသုံးချဖို့ခက်တာကို အခြေခံစည်းမျဉ်းတွေကို ကျင့်သုံးချင်ရင် ဒီစည်းမျဉ်းတွေကို စွဲမြဲယုံကြည်မှ သုံးလို့ရတယ်။ စွဲမြဲယုံကြည်မှ ပြောင်းလဲသွားတဲ့ အခြေအနေတိုင်းမှာ ဘယ်လိုသုံးရမလဲလို့ သိနိုင်တယ်။ မစွဲမြဲ မယုံကြည်ရင်လည်း ဒီစည်းမျဉ်းတွေက ချိုးဖောက်ရတာ သိပ်လွယ်တယ်။ ငါးပါးသီလ လုံတော့တဲ့လူတွေ များလာတာကိုပဲ ကြည့်ပါလား။



mgyoe.com

mgyoe.com

မျက်မှောက်ခေတ်မှာ ဖြစ်နေတဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေနဲ့ အဲဒီလုပ်ဆောင်ချက်တွေက ဖြစ်လာတဲ့ ပြဿနာတွေကို ဗုဒ္ဓဘာသာနဲ့ အခြေခံကျတဲ့ စည်းမျဉ်းတွေက အကြောင်းရင်းကိုလည်း ဖော်ထုတ်ပြနိုင်ပါတယ်။ အဖြေရှိတဲ့ နည်းလမ်းကိုလည်း ညွှန်ပြနိုင်ပါတယ်။ ဒါပေမဲ့ အဖြေရှိတဲ့လမ်းဟာ အတွေးအခေါ်တွေကို ပြောင်းလိုက်မှ ရောက်မယ့်လမ်း ဖြစ်ပါတယ်။ လူတွေက သူတို့ တစ်ကောက်ကောက်လိုက်နေတဲ့ အသေးစိတ်တွေကနေ အခြေခံတန်ဖိုးတွေကို ပြောင်းပြီး စဉ်းစားကြည့်ဖို့တော့ မကြိုးစားကြသေးပါဘူး။ ဒါကြောင့်လည်း အရင်တုန်းက စစ်ပွဲတွေရှိသလို အခုလည်း စစ်ပွဲတွေရှိနေတာပဲ။ အရင်တုန်းက စီးပွားပျက်ကပ်တွေ ဖြစ်ခဲ့သလို အခုလည်း စီးပွားရေး အကြပ်အတည်းတွေ ဖြစ်နေတာပဲ။ သူတို့ရဲ့ အတွေးအခေါ်တွေက မပြောင်းတော့ အရင်ကမှားတဲ့ အမှားတွေကို ဆက်မှားနေတာပဲ။ ခေတ်မီတိုးတက်သောလို့ ပြောရမှာတောင် ခပ်ခက်ခက်ရယ်။

ဒီလိုပြောလို့ လက်ရှိဗုဒ္ဓဘာသာ ဖွံ့ဖြိုးနေသေးတဲ့ တိုင်းပြည်တွေမှာ ပြဿနာတွေ မတွေ့ရတော့ဘူးလို့ မဆိုလိုပါဘူး။ မြန်မာပြည်မှာဆိုရင် အရေအတွက်အားဖြင့် လူဦးရေရဲ့ ၉၀ % နီးပါးဟာ ဗုဒ္ဓဘာသာဝင်တွေပါ။ အများစုဟာ မိရိုးဖလာအလိုက် ဗုဒ္ဓဘာသာကို ကိုးကွယ်လာတဲ့လူတွေ ဖြစ်ပါတယ်။ အဲဒီလူတွေက ဗုဒ္ဓဘာသာဝင်တွေ လိုက်နာကျင့်သုံးရမယ့် အခြေခံစည်းမျဉ်းတွေကို

mgyoe.com

mgyoe.com

တကယ် သိသလား၊ မသိဘူးလား၊ သိရင်လည်း တကယ် လိုက်နာသလား၊ မလိုက်နာဘူးလား မပြောနိုင်ဘူး။

ဆရာတော် အရှင်ဇနကာဘိဝံသ အခြေပြုပဋ္ဌာန်း တရားတော်စာအုပ်ထဲမှာ မြန်မာလူမျိုးတွေဟာ ဗုဒ္ဓဘာသာနဲ့ စပ်လျဉ်းတဲ့ လုပ်ဆောင်ချက်တွေကို လုပ်ရာမှာတောင် အကုသိုလ်ဖြစ်အောင် ဘယ်လိုလုပ်တတ်ကြတယ်ဆိုတာ သုံးသပ်ပြထားပါတယ်။ ဒါတောင် ဆရာတော်က ခုခေတ်မှာ မှိုလိုပေါက်နေတဲ့ စည်ဘီယာဆိုင်တွေကို မမြင်သွားရ။ ဘီယာဆိုတာ အယ်ကိုဟော ရာခိုင်နှုန်းဘယ်လောက်ပဲပါတာမို့ အရက်မဟုတ်ပါဘူးဆိုတဲ့ လက်တစ်လုံးခြားစကားတွေကို ကြားမသွားရ။ လက်ဖက်ရည်တစ်ခွက်ဈေးနဲ့ ဘီယာတစ်ခွက်ဈေးယှဉ်ကြည့်ရင် ဘီယာသောက်ရတာ ပိုတန်တာပေါ့ဆိုတဲ့ လူတွေကို ဆုံးမ မသွားရရှာဘူး။ ဒီလို ဗုဒ္ဓဘာသာ မပီပြင်တဲ့ အပြုအမူတွေ နေ့စဉ်ဘဝထဲမှာ ပိုပြီး နေရာယူလာတယ်ဆိုရင် စီးပွားရေးလုပ်ဆောင်ချက်တွေမှာလည်း ဗုဒ္ဓဘာသာက ညွှန်းဆိုတဲ့ကျင့်ဝတ်တွေနဲ့ ဝေးသထက် ဝေးလာတော့မှာပဲ။ ဘယ်လောက်အတိုင်းအတာအထိ ကြွင်းကျန်ပြီး၊ ဘယ်အရာတွေ ပျောက်ကွယ်ကုန်ပြီလဲဆိုတာ ဂရုပြုသင့်တယ်။

Buddhist Economics (a middle way for the market place) ဆိုတဲ့ Bruce Evans နဲ့ Jourdan Arenson ရေးသားစုစည်းတဲ့ စာအုပ်မှာ စီးပွားရေးပညာရဲ့ အခြေခံက ဘယ်လိုယူဆတယ်။ ဒီယူဆချက်တွေကြောင့်

mgyoe.com

mgyoe.com

ဘယ်လိုအပြုအမူတွေ ဖြစ်လာတယ်။ အပြုအမူတွေရဲ့ ရလဒ်တွေက ဘာတွေဖြစ်တယ်။ ဗုဒ္ဓဘာသာရဲ့ အခြေခံ စီးပွားရေး အယူအဆတွေနဲ့ ဘယ်လိုကွာခြားတယ်ဆိုတာကို ရိုးရိုးလေး ရှင်းပြထားပါတယ်။ သူ့ရဲ့ တင်ပြချက်တွေအတွက် ကိုးကားမှုတွေကိုလည်း ဒီဃနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ ဝိနယပိဋက၊ ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ စတဲ့ ဗုဒ္ဓစာပေတွေကနေ တိတိကျကျထိတ်နုတ်ကိုးကားထားတာကို တွေ့ရပါတယ်။ ဒီစာအုပ်မှာ အခန်း ၅ ခန်းပါ ပါတယ်။ အခန်းတွေကို ခေါင်းစဉ်ပေးမထားပါဘူး။ ဒီဆောင်းပါးမှာ ထည့်ပေးလိုက်တဲ့ ခေါင်းစဉ်တွေဟာ စာရေးသူက သင့်တော်မယ်ထင်တဲ့ ခေါင်းစဉ်လေးတွေ တပ်ပေးလိုက်တာ ဖြစ်ပါတယ်။ 'ဒီစာဟာ Buddhist Economics စာအုပ်ရဲ့ ဘာသာပြန်မဟုတ်ပါဘူး။ စာအုပ်ထဲက ထိထိမိမိရှိလှတဲ့ အတွေးအခေါ် အယူအဆတွေကိုပဲ ထုတ်နုတ်ဆွေးနွေးမှာပါ။' မူရင်းစာအုပ်ရဲ့ ယူဆချက်ကို အထိကထားပြီး ဆွေးနွေးပေမယ့် စာရေးသူရဲ့ သုံးသပ်ချက်တချို့ကိုလည်း ရောနှောပါဝင်နေမှာ ဖြစ်ပါတယ်။

### စီးပွားရေးပညာရဲ့ အတိုင်းအတာ

အခန်း–၁ ဟာ စီးပွားရေးပညာရဲ့ အကန့်အသတ်ရှိပုံတွေကို တင်ပြထားတာ ဖြစ်ပါတယ်။ အပိုင်း ၃ ပိုင်း ခွဲပြီးကော့ တင်ပြထားပါတယ်။ ဇောက်ချထုတ်လုပ်ခြင်းရဲ့ ပြဿနာ (The Problem of Specialization)၊


mgyoe.com

mgyoe.com

ဓမ္မ၏ အဓိပ္ပာယ်နှစ်မျိုး (The two meanings of Dhamma)၊ ကိုယ်ကျင့်တရားက စီးပွားရေးအပေါ် အကျိုးသက်ရောက်ပုံ (how ethics condition economics) တို့ ဖြစ်ပါတယ်။

စီးပွားရေးပညာရဲ့ အကန့်အသတ်တွေဟာ အထူးပြုလွန်းအားကြီးလို့ ဖြစ်ရတာပါ။ စီးပွားရေးပညာရဲ့ အတွေးအခေါ်က ဘောင်ကျဉ်းလှတယ်လို့ ဆိုပါတယ်။ စီးပွားရေးသီအိုရီတွေဟာ လက်တွေ့သက်သေပြနိုင်တဲ့ အချက်အလက်တွေကိုပဲ ထည့်စဉ်းစားတယ်။ လက်တွေ့သက်သေမပြနိုင်တဲ့ တန်ဖိုးထားမှုတွေ (ဥပမာ – ကိုယ်ကျင့်တရား) ကို ထည့်မစဉ်းစားဘူးတဲ့။

ဒါအမှန်ပါပဲ။ အထူးသဖြင့် သင်္ချာနည်းနဲ့ သက်သေပြချင်တဲ့ စီးပွားရေးပညာရဲ့ သီအိုရီတွေမှာ ယူဆချက် (ချွင်းချက်) တွေ ထားရတယ်ဆိုတာ အခြေအနေအားလုံးကို ထည့်မစဉ်းစားနိုင်ဘူးဆိုတဲ့ အားနည်းချက်ကို ပြနေတာဖြစ်ပါတယ်။ ဘောဂဗေဒဘာသာမှာ အလွန်ကျော်ကြားတဲ့ ချွင်းချက်တစ်ခုဖြစ်တဲ့ (everything remains unchanged) 'တခြားအရာတွေအားလုံး မပြောင်းလဲဘူးဆိုကြပါစို့ ...' ဆိုတဲ့စကားဟာ အဓိပ္ပာယ်မရှိဘူးလို့ ဆိုကုန်ကြပြီ။ ဟုတ်တယ်လေ၊ တစ်ကယ့်လက်တွေ့မှာ ဘယ်နှယ့်လုပ်ပြီး တခြားအရာတွေအကုန်လုံးကို ခဏဆိုင်းထားလို့ ရပ့်ါမလဲ။

ဒါ့အပြင် စီးပွားရေးပညာရဲ့ သက်သေပြနိုင်တဲ့

mgyoe.com

mgyoe.com

အချက်တွေပေါ်မှာ အမှီပြုနေမှု (objectivity)က အမြင် တိမ်တယ်လို့ ဆိုပါတယ်။ အရှည်ကို မကြည့်ပါဘူး။ စီးပွားရေးလုပ်ဆောင်ချက် တစ်ရပ်ကနေဖြစ်လာတဲ့ ကိုယ်ကျင့်တရားမဲ့မှုရဲ့ အကျိုးဆက်တွေကို ထည့်မစဉ်းစားပါဘူး။ ဗုဒ္ဓရဲ့အမြင်အရ အပြုအမူတစ်ခု၊ လုပ်ဆောင်ချက်တစ်ခုဟာ လူတစ်ဦးအပေါ်မှာရော၊ လူ့အဖွဲ့အစည်းကိုရော သဘာဝပတ်ဝန်းကျင်ကိုရော အကျိုးသက်ရောက်မှု ဘယ်လိုရှိမလဲဆိုတာကို ထည့်စဉ်းစားရပါမယ်။

စီးပွားရေးပညာဟာ အလွန်ပဲ သိပ္ပံနည်းကျ ဖြစ်ချင်ပါတယ်။ သိပ္ပံပညာဟာ ရုပ်လောကကိုသာ လေ့လာနိုင်တာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးပညာဟာလည်း ရုပ်ပိုင်းဆိုင်ရာကိစ္စတွေကိုသာ စဉ်းစားပြီး သူနဲ့ ဆက်စပ်နေသေးတဲ့ တခြားအရာတွေကို လျစ်လျူရှုထားပါတယ်။ သဘာဝလောကကြီးမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေ၊ ပြဿနာတွေအားလုံးဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်နေတာဆိုတော့ တစ်စိတ်တစ်ဒေသကိုသာ စဉ်းစားပြီး ထုတ်ပေးလုက်တဲ့ အဖြေတွေနဲ့ တကယ့်ပြဿနာရဲ့ အရင်းအမြစ်ကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ဒီလို ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားပေမယ့် လုပ်ဆောင်ချက်တွေကတော့ ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်မှာပါ။

ဗုဒ္ဓဘာသာရှုထောင့်က စီးပွားရေးပညာမှာတော့ လူတစ်ဦးချင်းရော၊ လူ့အဖွဲ့အစည်းရော၊ ပတ်ဝန်းကျင်ရော အားလုံးအတွက် တူညီတဲ့ ရည်မှန်းချက်ထားနိုင်မယ့်

mgyoe.com

mgyoe.com

တစ်ခုနဲ့တစ်ခု အပြန်အလှန်မှီခိုနေတဲ့ စည်းကမ်းတွေကို ချပေးပါတယ်။

*

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၂)

ခင်မောင်ညို (ဘောဂဗေဒ) နှင့် မအိမ်သူ အခန်း ၁၁ ရဲ့ ဒုတိယပိုင်းမှာ ဗုဒ္ဓအလိုကျ စီးပွားရေးရဲ့ ကျယ်ပြန့်လှတဲ့ ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ လူအများအမြင်မှာ ဗုဒ္ဓအလိုကျ စီးပွားရေးဆိုတာ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်တွေအားလုံးကို ကိုယ်ကျင့်တရားစံတွေနဲ့ ကန့်သတ်ထားတဲ့ စံပြလူ့အဖွဲ့အစည်းလို့ ယူဆကြပါတယ်။ မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမဲ့ ဒါဟာ ဗုဒ္ဓအဆုံးအမရဲ့ နက်နဲမှုကို အပြည့်အဝ မဖော်ပြနိုင်ပါဘူး။

ဗုဒ္ဓရဲ့ တရားတော်တွေကို ဓမ္မ သို့မဟုတ် အမှန်တရားလို့ ခေါ်ပါတယ်။ ကိုယ်ကျင့်တရားနဲ့ သက်ဆိုင်တဲ့တရားတွေ စရိယဓမ္မ (cariya dhamma) ခေါ်ပါတယ်။ ကုသိုလ် အကုသိုလ်နဲ့ဆက်စပ်ပြီး ဖြစ်လာတဲ့တရားတွေပါ။ ဒီ့ထက်ကျယ်ပြန့်တဲ့ တရားကတော့ အမှန်တရား သစ္စဓမ္မ (sacca dhamma) နဲ့ ကေန်တရား



mgyoe.com

mgyoe.com

သဗ္ဗဓမ္မ (sabhava dhamma)တို့ ဖြစ်ပါတယ်။ အရာဝတ္ထုအားလုံး ဖြစ်တည်ပုံ၊ လုပ်ဆောင်ပုံတို့ အကြောင်းအကျိုး ဆက်စပ်မှုတစ်ရပ်လုံးရဲ့ ဖြစ်စဉ်ကြီးကို ဆိုလိုပါတယ်။ ကိုယ်ကျင့်တရားသက်သက်ကို စဉ်းစားတာဟာ အမြင်ကျဉ်းနေသေးတယ်။ ကုသိုလ် အကုသိုလ်တရားကို ကျော်လွန်ပြီး အမှန်တရားကို ရှာတွေ့ဖို့လိုတယ်လို့ ဆိုပါတယ်။

ဗုဒ္ဓအလိုကျ စီးပွားရေးလုပ်ငန်းရှင်ဆိုရင် သူ့စီးပွားရေး လုပ်ဆောင်ချက်တွေရဲ့ ကိုယ်ကျင့်တရားတန်ဖိုးတွေကိုသာ ထည့်သွင်းစဉ်းစားရမှာ မဟုတ်ပါဘူး။ အမှန်တရားကို နားလည်အောင်ကြိုးစားပြီး သူ့ရဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေကို အကြောင်းအကျိုးဆက်စပ်နေတဲ့ လောကကြီးနဲ့ သဟဇာတဖြစ်အောင်ပါ ဦးတည်နိုင်ရပါမယ်။

စီးပွားရေးပညာဟာ စားသုံးသူတို့ရဲ့ လိုအပ်ချက်နဲ့ လိုအင်ဆန္ဒကြောင့်ဖြစ်လာတဲ့ ဝယ်လိုအားကို ဖြည့်ဆည်းပေးလိုက်လို့ စားသုံးသူမှာ ကျေနပ်မှုရသွားပြီးရင် သူ့ရဲ့ ရည်ညွှန်းချက်ဟာ ပြီးသွားပြီ။ ကျေနပ်မှုရပြီးတဲ့နောက်မှာ ဘာအကျိုးဆက်တွေဖြစ်သလဲဆိုတာကို ဆက်မစဉ်းစားတော့ဘူး။ စားသုံးသူဟာ အဲဒီပစ္စည်းကို သုံးစွဲပြီးတော့ အကျိုးဖြစ်ထွန်းသလား။ ဒီပစ္စည်းကို သုံးစွဲလိုက်တဲ့အတွက် လူ့အဖွဲ့အစည်းမှာရော ဘာအကျိုးရှိသလဲ။ သဘာဝပတ်ဝန်းကျင်ကိုရော ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်စေမှာလဲ။ အားလုံးကို ထည့်စဉ်းစားရမှာဖြစ်ပါတယ်။ ဓမ္မ


mgyoe.com

mgyoe.com

အသိဉာဏ်ရှိတဲ့ စီးပွားရေးသမားဆိုရင်တော့ အကြောင်းအကျိုး ဆက်စပ်မှု ဖြစ်စဉ်ကြီးတစ်ခုလုံးကို သူ့ရဲ့ စီးပွားရေးလုပ်ဆောင်ချက်က ဘယ်လို အကျိုးသက်ရောက်မလဲဆိုတာကို စဉ်းစားရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာရဲ့ ကိုယ်ကျင့်တရားဟာ ကုသိုလ်အကုသိုလ်နဲ့ ဆက်နွယ်နေပါတယ်။ ယေဘုယျပြောရရင် ကောင်းတာလုပ်ရင် ကောင်းတာဖြစ်ပြီး မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်ဆိုတဲ့ ကမ္မဝါဒပါပဲ။ ကမ္မဝါဒကပဲ သူ့တရား သူစီရင်တာဖြစ်ပါတယ်။ ဗုဒ္ဓဟာ တစ်စုံတစ်ယောက်ကို ကောင်းတာလုပ်တဲ့လူတွေကို ချီးမြှင့်ဖို့ မကောင်းတာလုပ်တဲ့သူတွေကို အပြစ်ပေးဖို့ ကိုယ်စားလှယ်ခန့်အပ်ထားတာမျိုးလည်း မရှိပါဘူး။

ကောင်းတဲ့ရည်ရွယ်ချက်နဲ့ လုပ်ရင်ရော ကောင်းတဲ့အပြုအမူမဟုတ်ဘူးလားလို့ ဆိုစရာရှိပါတယ်။ သူ့စာအုပ်မှာ ဥပမာ ပေးထားတာကတော့ ကွန်မြူနစ်တော်လှန်ရေးသမားတွေဟာ စံပြလူ့အဖွဲ့အစည်းကို ထူထောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ ဒီရည်ရွယ်ချက်ကို အဟန့်အတားဖြစ်စေမဲ့လူတွေ၊ အရာဝတ္ထုတွေမှန်သမျှကို ဖျက်ဆီးပစ်တယ်ဆိုပါစို့။ စံပြလူ့အဖွဲ့အစည်း ထူထောင်ပေးမယ်ဆိုတဲ့ရည်ရွယ်ချက်က ကောင်းနေတာပဲ။ သူတို့ရဲ့ လုပ်ဆောင်ချက်ကို ကောင်းတယ်လို့ ကောက်ချက်မချနိုင်ဘူးလားလို့ ဆိုပါတယ်။

ကောင်းတဲ့ရည်ရွယ်ချက်နဲ့လုပ်ရင် ကောင်းတဲ့အပြုအမူ


mgyoe.com

mgyoe.com

ဖြစ်တယ် "the end justifies the means" ဆိုတဲ့ စကားဟာ Utilitarian ကိုယ်ကျင့်တရားဝါဒီတွေရဲ့ ဝါဒ ပါ။ သူတို့က သုခချမ်းသာ (happiness or pleasure) ကိုသာ ရမယ်ဆိုရင် ဘယ်နည်းကိုသုံးသုံး တရားတယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ရလာတဲ့သုခချမ်းသာဟာ ပေးဆပ် ရတဲ့ နစ်နာချက်တွေကို ကျော်လွန်မှ ကောင်းတဲ့အပြုအမူ လို့ သတ်မှတ်တာပါ။ နစ်နာချက်တွေက များနေရင် မကောင်းတဲ့အပြုအမူ ဖြစ်ပါတယ်။

Utilitarian တွေရဲ့ ဝါဒအရ သုခချမ်းသာနဲ့ နစ်နာချက်ကို နှိုင်းယှဉ်ကြည့်ရဦးမှာဆိုတော့။ ရည်ရွယ် ချက် "the end" ဆိုတာ ရလာမဲ့ရလဒ်ကို ပိုရည်ညွှန်း ရာကျပါတယ်။ စောစောကပြောတဲ့ ကွန်မြူနစ်တော်လှန် ရေးသမား ဥပမာဟာ ရည်ရွယ်ချက်ကောင်းကောင်းတစ်ခု ကို ခေါင်းစဉ်တပ်ပြီး ကိုယ်ထင်ရာစိုင်းနေလို့ရတဲ့ သဘော ဖက်ကို ပိုပြီးရောက်သွားပါတယ်။

ဗုဒ္ဓရဲ့ဝအဒအရ ကုသိုလ် အကုသိုလ်လုပ်ရပ်တွေ ဟာ အကျိုးရလဒ်အပေါ်မှာ လွှမ်းမိုးမှုရှိတယ် "means condition the end" လို့ ဆိုပါတယ်။ နေ့စဉ်ဘဝမှာ ဘယ်ကုသိုလ်ကိုလုပ်လို့၊ ဘယ်အကုသိုလ်ကိုလုပ်လို့ ဘာ တွေဖြစ်လာတာလို့ အသေးစိတ်ကြဲစည်ကြည့်ဖို့ရာ မလွယ် ပါဘူး။ မဟာနာရဒဇာတ်မှာ အင်္ဂါတိမင်းကို ဂုဏရသေ့ ကြီးက ကုသိုလ် အကုသိုလ်ဆိုတာ ကျင့်ကြံနေစရာမလို ဘူး။ ကမ္ဘာ ရှစ်သောင်းလေးထောင်ကျော်ရင် အားလုံး

mgyoe.com

mgyoe.com

ကိစ္စပြီးမယ်လို့ တရားဟောတော့ အလာတစစ်သူကြီးက ရှေးဘဝကို မှတ်မိလို့ ရှေးဘဝက နွားသတ်သမားဖြစ်ခဲ့တာတောင် ဒီဘဝမှာ စစ်သူကြီးလာဖြစ်တယ်။ အကုသိုလ်ပေမဲ့ အကျိုးမပေးပါဘူးလို့ ထောက်ခံတယ်။ အမှန်က ကဿပဘုရားလက်ထက်မှာ အနော်ဇာပန်းကုံးနဲ့ စေတီတော်ကို ပူဇော်ခဲ့တဲ့ ကုသိုလ်အရှိန်ကလေးက အကျိုးပေးလို့ ဟိုအကုသိုလ်က အကျိုးပေးခွင့်မရသေးတာကို သူမမြင်နိုင်တာပါ။

ဒီတော့ ကုသိုလ် အကုသိုလ်နဲ့ အကျိုးပေးဟာလာမယ်ဆိုတာ သေချာပေမယ့် ဘယ်အချိန်မှာလာမလဲ။ ဘယ်လိုလာမလဲဆိုတာ အတတ်မပြောနိုင်ပါဘူး။ လူတို့ဉာဏ်မှာ ဆင်ခြင်ကြည့်ဖို့ မလွယ်တာနဲ့ပဲ ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် မတော်မတရားအမှုတွေလုပ်နေတာ ကြုံနေရသလား မပြောတတ်ဘူး။ ရှေးကပြောခဲ့သလို တစ်စုံတစ်ယောက်က စောင့်ကြည့်နေမှာ မဟုတ်ဘူး၊ ကမ္မဝါဒကြီးကသာ စောင့်ကြည့်နေတာကိုး။

လူတွေမှာ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အမှန်အမှား တစ်စုံတစ်ရာရွေးချယ်ရတော့မယ်ဆိုရင် ကုသိုလ်၊ အကုသိုလ်တရားက သူတို့ရဲ့ရွေးချယ်မှုကို ကူညီပေးပါလိမ့်မယ်။ သူတို့ရဲ့ အတွင်းမှာရှိတဲ့ အကောင်အထည်မမြင်ရတဲ့ တန်ဖိုးထားမှုတွေဟာ ပြင်ပက အကောင်အထည်ရှိတဲ့ လက်တွေ့လောကနဲ့ ပေါင်းစပ်ရပါမယ်။ ကိုယ်ကျင့်'တရားဟာ အတွင်းမှာရှိတဲ့တန်ဖိုးတွေနဲ့ ပြင်ပက လက်တွေ့

mgyoe.com

mgyoe.com

လောကကို ပေါင်းစပ်ပေးတဲ့ ပေါင်းကူးတံတားပဲဖြစ်ပါ
တယ်။

*

mgyoe.com

mgyoe.com

# စီးပွားရေးပြဿနာများနှင့် ဗုဒ္ဓဝါဒ (၃)

အခန်း (၁) ရဲ့ တတိယပိုင်းမှာ ကိုယ်ကျင့်တရားဟာ စီးပွားရေးအပေါ်မှာ ဘယ်လို အကျိုးသက်ရောက်သလဲဆိုတာကို ဆွေးနွေးပါတယ်။ ကိုယ်ကျင့်တရားက စီးပွားရေးအပေါ်မှာ လွှမ်းမိုးမှုရှိတယ်ဆိုတာ တော်တော်ပဲ သိသာထင်ရှားပါတယ်။ လုံခြုံမှုမရှိတဲ့ လူ့အဖွဲ့အစည်း တစ်ခု ဥပမာ–ခိုးမှုတွေ၊ မတရားမှုတွေက အမြဲခြိမ်းခြောက်နေမယ်ဆိုပါတော့။ စီးပွားရေးလုပ်ငန်းတွေကလည်း လာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုပြုချင်မှာ မဟုတ်ဘူး။ နိုင်ငံရဲ့ စီးပွားရေးမှာ အင်မတန်နစ်နာပါတယ်။ ဒါ့အပြင် အစိုးရကလည်း ဆိုးသွမ်းမှုတွေကို ထိန်းသိမ်းနေရတဲ့စရိတ်တွေ ပိုကုန်ပါတယ်။ သူနဲ့ဆန့်ကျင်ဖက် ငြိမ်းချမ်းသာယာနေတဲ့ လူ့အဖွဲ့အစည်းမှာတော့ စီးပွားရေးလုပ်ကိုင်ရတာလည်း လွယ်ကူလို့၊ လုံခြုံစိတ်ချရလို့ လာရောက်ရင်းနှီးမြှုပ်နှံချင်သူတွေပေါများ၊ နိုင်ငံစီးပွားရေးတောင့်တင်း၊ အစိုးရမှာလည်း လုံခြုံရေးစရိတ်တွေသက်သာ၊ လူ့အဖွဲ့အစည်း


mgyoe.com

mgyoe.com

ထဲမှာ ကိုယ်ကျင့်တရားပျက်သုဉ်းရင် နိုင်ငံရဲ့စီးပွားရေးကို ထိခိုက်စေသလို၊ ကိုယ်ကျင့်တရားမရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကြောင့်လည်း လူ့အဖွဲ့အစည်းဟာ ထိခိုက်ပါတယ်။

စားသောက်ကုန်လုပ်ငန်းတစ်ခုဟာ လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေမယ့် ဓာတုဗေဒပစ္စည်း တစ်စုံတစ်ရာကို သူ့ရဲ့ကုန်ပစ္စည်းမှာ ထည့်သုံးတယ်ဆိုပါစို့။ စားသုံးမိတဲ့သူတွေမှာ ကျန်းမာရေးထိခိုက်မယ်။ ဆေးကုသစရိတ်တွေကုန်ကျမယ်။ ဒါတွေဟာ လူမှုရေးအရ နစ်နာမှုတွေပါ။ ပြီးတော့ စားသုံးသူတွေဟာ ကျောင်းသားဆိုရင် ကျောင်းပျက်မယ်။ အလုပ်သမားဆိုရင် အလုပ်ပျက်မယ်။ ဒီတော့ ထုတ်လုပ်မှုကို ကျဆင်းစေပါတယ်။ အစိုးရကလည်း စီးပွားရေးလုပ်ငန်းမှာ မသမာမှုတွေရှိလာတယ်လို့ သိလာရင် စုံစမ်းစစ်ဆေးဖို့လုပ်ရ၊ အရေးယူဖို့လုပ်ရနဲ့ မို့ စောင့်ကြပ်ထိန်းသိမ်းရတဲ့ စရိတ်တွေ (Imonitoring cost) ကုန်ပါတယ်။ စားသုံးသူကလည်း နောင်ဆိုရင် ပစ္စည်းကို အရမ်းဝယ်မသုံးရဲတော့ဘူး။ သေသေချာချာ သတင်းကို စုံစမ်းရမယ်။ ထုတ်လုပ်သူတွေကလဲ သူတို့ ပစ္စည်းဟာ ကောင်းမွန်တယ်။ အန္တရာယ်မဖြစ်စေပါဘူး ဆိုတာကို အစစ်ဆေးခံရမယ့် စရိတ်တွေ၊ စားသုံးသူကို သတင်းပေးရမယ့်စရိတ်တွေ စတဲ့ လုပ်ဆောင်မှုစရိတ်တွေ (transaction costs) ပိုကုန်ကျလာပါတယ်။ စားသုံးသူနဲ့ ထုတ်လုပ်သူတွေကြား၊ ထုတ်လုပ်သူအချင်းချင်းကြားမှာ ယုံကြည်မှုပျက်ပြားကုန်တော့ စီးပွားရေးလုပ်ရကိုင်ရ


mgyoe.com

mgyoe.com

တာ ခက်ကုန်ပါမယ်။ ဒါဟာ ဥပမာလေးတစ်ခုပဲ ရှိပါသေးတယ်။ ကိုယ်ကျင့်တရားမရှိတဲ့ စီးပွားရေးလုပ်ရပ်တစ်ခုရဲ့ အကြောင်းအကျိုးဖြစ်စဉ်တစ်ခုလုံးကို ထည့်စဉ်းစားရင် မဆုံးနိုင်အောင်ပါပဲ။

စီးပွားရေးလောကမှာ ကိုယ်ကျင့်တရားပြဿနာနဲ့ ပတ်သက်ရင် အင်မတန်သတင်းမွှေးလှတဲ့ ကြော်ငြာလုပ်ငန်းအကြောင်းကိုလည်း သုံးသပ်ပြထားပါသေးတယ်။ ဒါတောင် ယနေ့မျက်မှောက်ခေတ်မှာ ကြော်ငြာလုပ်ငန်းရဲ့ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး အငြင်းပွားနေကြတဲ့ မရိုးသားတဲ့နည်းနဲ့ လှွမ်းမိုးအောင်လုပ်နည်းတွေ၊ မမှန်တဲ့ သတင်းကို တမင်သက်သက် ယုံကြည်အောင်လုပ်တဲ့နည်းတွေကို ထည့်မပြောသေးပါဘူး။ ကြော်ငြာလုပ်ငန်းရဲ့ အနှစ်သာရကိုပဲ ရိုးရိုးလေးထောက်ပြထားတာ ဖြစ်ပါတယ်။

ကြော်ငြာလုပ်ငန်းဟာ ကုန်ပစ္စည်းရဲ့ အမှန်တကယ် အသုံးဝင်မှုထက် လူငြိမ်းကြိုက်တန်ဖိုးကို ပိုဦးစားပေးတယ်တဲ့။ ဈေးကွက်တင်ရင် သူများနဲ့အပြိုင် ရောင်းရတာမို့ ပစ္စည်းချင်းအတူတူကို ကိုယ့်ဟာက မတူပါဘူး ခြားနားပါတယ်လို့ ဝယ်သူကိုဆွဲဆောင်နိုင်အောင် အမြဲ ကြိုးစားနေရတဲ့သဘောကို သတိရမိပါတယ်။ ပစ္စည်းချင်းအတူတူဆိုတော့ အသုံးဝင်တာချင်းက အတူတူပါပဲ။ ဒါကို လူတွေအမြင်မှာ မတူအောင် လုပ်ပြရမှာဆိုတော့ တခြားအပေါ်ယံ အကောင်းတင်ရမယ့် အနှစ်သာရမရှိတဲ့ တန်ဖိုးတွေကို ထပ်ထည့်ပြရတာပေါ့။ လူတွေလဲ ဘယ်ဟာက

mgyoe.com